# ဂုဏ်ရှိန်ပြင်းတဲ့ ရွှေလူသား

မင်္ဂလာပါရှင် . . RADIO VERITAS ASIA မြန်မာဘာသာအစီအစဉ် အပတ်စဉ် တန်လာနေ့မှာ တင်ဆက် ပေးနေကျ ဘဝအတွက်အလင်းရောင်ခြည် ကဏ္ဍလေးကနေ ဒီတစ်ပတ် ထုတ်လွှင့်ပေးသွားမယ့် ဆောင်းပါးလေးကတော့ ပုပ်ရဟန်းမင်းကြီး ဖရန်စစ် အရှင်သူမြတ် ရေးသားတော်မူခဲ့တဲ့ စာချွန်တော် Laudato' si ထဲကပဲ ဖြစ်ပါတယ်။ ဘုရားရှင်ရဲ့ ဖန်ဆင်းခြင်းလက်ရာတွေအတွက် ဘုရားရှင်ကို ချီးမွမ်းထောပနာပြုကြရင်း လူသားထုရှင်သန်နေထိုင်ရာ ကမ္ဘာငယ်လေး ကို မိမိရဲ့စံအိမ်ပမာ စောင့်ရှောက်ထိန်းသိမ်းကြဖို့ အရှင်သူမြတ်က ရေးသားခဲ့ပါတယ်။ ဒီအကြောင်းကို ဆလေးရှင်း အသင်းဂိုဏ်းမှ ကိုရင်ပါစကားသီကိုရှင်းကနေ 'ဂုဏ်ရှိန်ပြင်းတဲ့ ရွှေလူသား' ဆိုပြီး ဆောင်းပါးတစ်ပုဒ်အဖြစ် မှီငြမ်း ရေးသားပေးပို့ခဲ့တာပဲ ဖြစ်ပါတယ်။

ဘုရားရှင်ရဲ့ ရွှေဉာဏ်တော်ဟာ အတိုင်းအဆမဲ့ ကြီးမြတ်လွန်းလှပါတယ်။ အလင်းနဲ့အမှောင်၊ ကောင်းကင်နဲ့ မြေကြီး၊ ပင်လယ်နဲ့တောင်တန်း ရေပြင် ဝေဟင်မှာ နေထိုင်တဲ့ သတ္တဝါတွေကို ဖန်ဆင်းခဲ့ပါတယ်။ စကြဝဠာ ဂြိုလ်သိမ် ဂြိုလ်မွှားတွေ၊ ဂလက်ဆီနဂါးငွေ့တန်းတွေ ကိုလည်း အံ့ဩဆန်းကြယ်စွာ ဖန်ဆင်းထားပါတယ်။ ဘုရားရှင်ဖန်ဆင်းတဲ့ အရာရာတိုင်းဟာ သူ့အလိုလို မတော်တဆ ဖြစ်ပေါ်လာခဲ့တာ တစ်ခုမှ မရှိခဲ့ပါဘူး။ အားလုံးကို စနစ်တကျ သေချာ စီမံပြီး အကွက်စေ့ဖန်ဆင်းခဲ့တာပဲဖြစ်ပါတယ်။ ဘုရားရှင်ကိုယ်တော်တိုင်ကလည်း ဖန်ဆင်းခဲ့သမျှ အရာဟူသမျှကို နှစ်ခြိုက် သဘောကျပြီး ကောင်းကြီးသြဘာပေးခဲ့ပါတယ်။ ဆန်းကြယ်အံ့ဩဖွယ်အကောင်းတကာ့တွေ အကောင်းဆုံးထဲက ပိုပြီး လှပဆန်းကြယ် တန်ဖိုးရှိတဲ့ ဖန်ဆင်းခံတစ်ခု ရှိပါသေးတယ်။ အဲ့ဒါကတော့ ဘုရားရဲ့ ရွှေပုံသဏ္ဍာန်နဲ့ ဖန်ဆင်းခံရတဲ့ 'ရွှေလူသား'ပဲ ဖြစ်ပါတယ်။

သောတရှင်များရှင် . . လူဆိုတာနဲ့ ပတ်သက်ပြီး ခေတ်အဆက်ဆက်မှာ အတွေးအခေါ်ပညာရှင်တွေနဲ့ သိပံညာရှင်တွေက အမျိုးမျိုး အဓိပါယ်တွေဖွင့်ဆိုခဲ့ကြပါတယ်။ အထူးသဖြင့် လူသားမျိုးနွယ် ဘယ်ကစခဲ့သလဲဆိုတာနဲ့ ပတ်သက်ပြီး လေ့လာစမ်းသမ်းမှုတွေလည်း အများကြီးရှိခဲ့ပါတယ်။ တချို့လည်း ပြောပါတယ် . . လူဆိုတာ ဗြမာကြီး လေးပါးကနေ ဆင်းသက်ခဲ့တာတဲ့။ ၁၉ ရာစုမှာ ပေါ်ပေါက်ခဲ့တဲ့ သိပံပညာရှင်ကြီး ချားလ်စ်ဒါဝင်ကတော့ လူဆိုတာ သက်ရှိမျိုးစိပ်ဗီဇ အသေးအမွှားလေးတွေ ဆင့်ကဲပြောင်းလဲလာရာကနေ ဖြစ်ပေါ်လာတယ်လို့ ဆိုခဲ့ပြန်ပါတယ်။ ဘာသာ ရေးရှုထောင့်တွေလည်း အမျိုးမျိုးရှိခဲ့ကြတာအမှန်ပါပဲ။ တစ်ဆူတည်းသော ထာဝရဘုရားကို ကိုးကွယ်ဆည်းကပ်သူ ခရစ်ယာန်တွေရဲ့ ရှုထောင့်ကတော့ လူဆိုတာ ဘုရားဆီကနေ လာတာပါလို့ ယုံကြည်လက်ခံကြပါတယ်။

ပထမဆုံး လူသားဖြစ်တဲ့ Adam ဆိုတဲ့ နာမည်ကို ဟီဘရူးဘာသာစကားဖြင့် ဘာသာပြန်မယ်ဆိုရင် လူသားမျိုး နွယ်ထုလို့ အနက်ရပါတယ်။ ယောကျာ်းရယ်၊ မိန်းမရယ်ဆိုပြီး ပုဂိုလ်တစ်ဦးထဲကိုပဲ ရည်ညွှန်းပြောတာ မဟုတ်ဘဲ အများ ကိန်းကို ညွှန်ပြပြီး လူသားထုတစ်ရပ်လုံးကို ပြောခြင်းဖြစ်ပါတယ်။ အာဒံကနေအစပြုလို့ လူသားတွေ ဖြစ်ပေါ်လာကြတာ ပါ။ ဒီတော့ ‘လူသားအစ ဘုရားက’ လို့ပဲ ပြောရတော့မှာပါ။ ဘုရားရှင်ဟာ သူ့ရဲ့ ရွှေပုံစံတော်အတိုင်း လူကို ဖန်းဆင်ခဲ့ပါ တယ်။ ဒီလိုဖန်ဆင်းခဲ့တဲ့ ဘုရားရှင်မှာလည်း စီမံကိန်းတို့၊ ရည်ရွယ်ချက်တွေလည်း ရှိခဲ့ပါတယ်။ လူသားနဲ့ ဘုရားပိုပြီး ရင်းနှီးကျွမ်းဝင် ပေါင်းစပ်နေနိုင်ဖို့ သူ့ရဲ့ ဘုရားအဖြစ်တော်ထဲကို ဖိတ်ခေါ်ခဲ့ပါတယ်။ ဖိတ်ခေါ်ခြင်းဟာ ရွေးကောက်ခြင်း ဖြစ်သလို ရွေးကောက်ခြင်းဟာလည်း ချစ်မြတ်နိုးလို့ ဖြစ်ပါတယ်။ ဟုတ်ပါတယ်၊ လူသားကို အချစ်သက်သက်တစ်ခုနဲ့ပဲ ဘုရားရှင်ဖန်ဆင့်ခဲ့တာပါ။ တကယ်တော့ လူဆိုတာ ဘုရားရဲ့ချစ်ခြင်းမေတာကနေ ဆင်းသက်ခဲ့တဲ့ အချစ်ခံရသူပါပဲ။

လူဟာ ဘုရားရဲ့ ပုံသဏ္ဍာန်တော်နဲ့ အညီ ဖန်ဆင်းခံရတယ်ဆိုရင် လူဟာဘုရားနဲ့ ဘယ်နေရာမှာ တူနေသလဲ ဆိုတာဟာ မေးခွန်းထုတ်စရာတစ်ခုပါပဲ။ ဘုရားရှင်ဟာ လူကို သူနဲ့ တူအောင် ပြုလုပ်တယ်ဆိုတဲ့နေရာမှာ ခန္ဓာရုပ်ပိုင်း ဆိုင်ရာကို ပြောခြင်းမဟုတ်ပါဘူး။ ဝိညာဉ်ပိုင်းဆိုင်ရာမှာ သဏ္ဍာန်တူအောင် ဖန်ဆင်းခဲ့ခြင်းသာဖြစ်ပါတယ်။ ဒီတော့ လူဟာ တစ်စုံတစ်ခု မဟုတ်တော့ဘဲ ဂုဏ်သိကာနဲ့ ပြည့်ဝတဲ့ လူတစ်ယောက်ဖြစ်လာပါတယ်။ မိမိကိုယ်ကို သိနိုင်စွမ်းတွေ၊ လွတ်လပ်စွာ ပိုင်ဆိုင်ခွင့်တွေ၊ မိမိကိုယ်ကိုလည်း အများနဲ့ထပ်တူ ပေါင်းစည်းနေထိုင်ပြီး၊ ပေးဆပ်ရှင်သန် နေနိုင်ခြင်း တွေလည်း ရှိလာပါတယ်။ ရဟန္ဒာ ပုပ်ရဟန်းမင်းကြီး ဂျွန်ပေါလ် မိန့်ခဲ့ဖူးတာလေးကိုလည်း ပုပ်ဖရန့်စစ် အရှင်သူမြတ်က ခုလို မှတ်မှတ်ရရ ထည့်သွင်းပြောသွားခဲ့ပါသေးတယ်။ 'လူသားတွေအတွက် ဖန်ဆင်းရှင်ဘုရားသခင်ရဲ့ အထူးမေတ္တာ တော်ဟာ မိမိကိုယ်တော်တိုင်ရဲ့ အတိုင်းအဆမရှိ ဂုဏ်သိကာကို ထည့်သွင်းပေးခဲ့ခြင်းပဲ ဖြစ်ပါတယ်' လို့ လူ့ဂုဏ်သိကာ ကြီးမြတ်မှုကို ဖော်ပြလိုက်ပါတယ်။ ဂုဏ်ရှိန်ပြင်းတဲ့ လူ့သိကာအကြောင်းကို ပရောဖက် ဂျေယမိယကျမ်း အခန်းကြီး ၁း၅ မှာ 'သင့်ကို မမွေးဖွားခင် အမိဝမ်းထဲမှာကတည်းက သင့်ကို ငါသိနှင့်ပြီ' လို့ ဆိုထားပါတယ်။ အမိဝမ်းမှာ သန္ဓေ မတည်ခင် ကတည်းက ဘုရားရှင်ရဲ့ နှလုံးအိမ်တော်မှာ အရင် သန္ဓေတည်ခဲ့ရတာပါ။ ဒီအတွက်ကြောင့် လူသားအယောက် စီတိုင်းဟာ ဘုရားရဲ့ ရွှေစိတ်တော်ကြောင့် ဖြစ်တည်လာခဲ့ရပြီး ချစ်ခြင်းမေတ္တာနဲ့ ပြုလုပ်စီမံခံထားရတာမို့ တစ်ဦးချင်းက အရေးပါပြီး တန်ဖိုးဖြတ်မရလောက်အောင် ဂုဏ်သိကာပြည့်နှက်နေပါတယ်။

ဘုရားရှင်ဟာ အရာအားလုံးဖန်ဆင်းပြီးခါမှ လူကိုနောက်ဆုံးဖန်ဆင်းခဲ့ပါတယ်။ ပြောချင်တာကတော့ လူသား ဟာ ဖန်ဆင်းခံအရာဟူသမျှအားလုံးထက်မြင့်မြတ်ပြီး အုပ်စိုးခွင့်သရဖူကို အပ်နှင်းပေးလိုက်တာပါပဲ။ ဘုရားရှင်က လူကို လိုအပ်လို့ဖန်ဆင်းခဲ့တာမဟုတ်ပါဘူး။ လွတ်လပ်စွာနဲ့ သူ့ရဲ့ အသက်တာမှာ ပါဝင်စေချင်လွန်းလို့ ဖန်ဆင်းခဲ့တဲ့ လက်ဆောင်မွန်တစ်ခုပါ။ လက်ဆောင်ဆိုတာ

သိမ်းထားရုံသက်သက် မဟုတ်သလို သူ့တစ်ယောက်ထဲအတွက်လည်း မဟုတ်ပါဘူး။ လူသားထုတစ်ရပ်လုံးအတွက်၊ လောကသဘာဝတရားတွေအတွက်ပါ လူကိုဖန်ဆင်းခဲ့ခြင်းပဲဖြစ်ပါတယ်။ ဒါတင်မကသေးဘဲ အသက်၊ ဝိညာဉ်၊ အသိဉာဏ်၊ လွတ်လပ်ခွင့်၊ အသွေးအသား၊ နှလုံးသားတွေကိုလည်း ထည့်သွင်း ထားပါတယ်။ လူသားတိုင်းဟာ ဂုဏ်သိကာနဲ့ တန်ဖိုးရှိသလို တန်းတူညီမျှမှုတွေလည်းရှိပါတယ်။ အသွေးအသားရှိလို့ အားနည်းတတ်တာမှန်ပေမဲ့ အပြစ်ပြုလုပ်ခြင်းဆိုတာဟာ ဘုရားရဲ့ဖန်ဆင်းခြင်းမှ လုံးဝမပါဝင်ခဲ့ပါဘူး။ ဖန်ဆင်းခြင်းပြီးမှ ဘုရားကို ပုခုံးချင်းတန်းချင်းမိတဲ့ လူ့ရဲ့ ဆန့်ကျင်ချင်တဲ့မာနစိတ်ကြောင့်သာ အပြစ်ဆိုတာ ဖြစ်လာခဲ့ရတာပါ။

အားနည်းလဲကျတတ်တဲ့ ဇာတိသဘောရှိနေဦးတောင်မှ လူဟာ ဖြူစင်ချင်တဲ့စိတ်၊ အကောင်းပြုချင်တဲ့စိတ်၊ ကုန်ကုန်ပြောရရင် ဘုရားဆီကိုလှည့်ကာ ပြန်လည်ပေါင်းစပ်လိုစိတ်လည်းရှိနေပါသေးတယ်။ ဘယ်လိုပဲဖြစ်ဖြစ်၊ ဘုရားရဲ့ ပုံစံတော် ရှိနေတာမို့ လူဟာ ဘုရားနဲ့ ဆက်သွယ်ပေါင်းစည်းချင်တဲ့စိတ်ကတော့ ဖျောက်ဖျက်မရပါ။ လူနဲ့ဘုရား ပေါင်းစည်းဖို့အတွက်ပဲ လူကို သူ့ပုံစံအတိုင်း ဖန်ဆင်းခဲ့တာပဲမဟုတ်လား။ ဒါကြောင့် လူဟာ ဘုရားရှင်နဲ့ တစ်လုံးတစ်ဝ တည်းဖြစ်နေရပါမယ်။ ဘုရားနဲ့ ပေါင်းစပ်မှုရှိဖို့လိုသလို၊ လူသားအချင်းချင်းလည်း လိုက်လျောညီထွေရှိမှု၊ အပေးအယူ မျှတမှုရှိဖို့လည်းလိုအပ်ပါသေးတယ်။ ဒီနေရာမှာ လူကို လူလိုမြင်ရုံနဲ့ မရတော့ပါဘူး။ လူ့အတွင်းက ဘုရားရဲ့ ပုံစံတော် ကိုပါ မြင်အောင်ကြည့်ရတော့မှာပါ။ ဘုရားကို မမြင်သရွေ့တော့ အမှားကို ခင်၊ အပြစ်တွေ မြင်နေကြဦးမှာပဲ။ လူနဲ့လူ ကြား အဆင်မပြေတာကနေ ပတ်ဝန်းကျင် လောကသဘာဝတရားတွေနဲ့ပါ ရန်သူဖြစ်လာပါတယ်။ အဲ့ဒီကစပြီး ဖန်ဆင်းခံသဘာဝတရားတွေလည်း လူကြောင့် ဂုဏ်သိကာမဲ့ကာ အကျည်းတန် ပျက်သုန်း တန်ဖိုးတွေလည်း ရှုံးရပါတော့ တယ်။ ဘုရားရှင်ရဲ့ ဖန်ဆင်းခြင်း ရည်ရွယ်ချက်မှာ

လူနဲ့ဘုရား၊ လူနဲ့လူ၊ လူနဲ့ လောကပတ်ဝန်းကျင်၊ အားလုံးဟာ သဟဇာတရှိပြီး ဟန်ချက်ညီညီနဲ့ ပေါင်းစည်း ရှင်သန်နေထိုင်ဖို့ပဲဖြစ်ပါတယ်။ ဘုရားရှင်ဟာ လူကိုဖန်ဆင်းခဲ့တယ်၊ လောကပတ်ဝန်းကျင်ကိုလည်း အုပ်စိုးခွင့်ကိုပေးခဲ့တယ်။ ဒါဟာ တကယ်တော့ ဖန်ဆင်းခြင်းရဲ့ နောက်ကွယ်က ကပ်လိုက် လာတဲ့ လူရဲ့ အခြေခံအကျဆုံးတာဝန်တစ်ရပ်ပါ။ ဘုရားပေးထားတဲ့ လောကကမာကို စောင့်ရှောက်ထိန်းသိမ်းပြီး ဖန်ဆင်းခြင်း လက်ရာတွေ မပျက်အောင် ထမ်းရွက်ကြရမှာပါ။ ဒီကမာမြေကြီးဟာ အတူတူနေထိုင်တဲ့ အိမ်ငယ်လေး တစ်လုံးပါ။ အတူတူဝိုင်းဝန်းထိန်းသိမ်းရမယ့် တာဝန်အားလုံးမှာ ရှိပါတယ်။ လူနဲ့ပတ်ဝန်းကျင်၊ လူနဲ့လူ၊ လူနဲ့ဘုရား ဟန်ချက်ညီစွာ ရှင်သန်နေထိုင်မှသာလျှင် ဖန်ဆင်းခြင်းလက်ရာတွေဟာ ဆက်လက်တည်တံ့နေတော့မှာပါ။

သောတရှင်များရှင် . . ဖန်ဆင်းခြင်းရဲ့ဗဟိုဟာ ရွှေပုံစံနဲ့အညီ လွတ်လပ်စွာ ဖန်ဆင်းခံရတဲ့၊ ဝေဖန်ပိုင်းခြား အသိဉာဏ်နဲ့အတူ အုပ်စိုးနိုင်စွမ်းရှိတဲ့၊ ‘လူ’ပဲဖြစ်ပါတယ်။ ဂုဏ်ရှိန်ပြင်းတဲ့ လူ့သိက္ခာကို အမြဲထည့်တွက်ကာ လူလူချင်း တန်ဖိုးထားပြီး၊ လောကပတ်ဝန်းကျင်နဲ့ သဟဇာတရှိအောင် နေထိုင်ခြင်းအားဖြင့် ဖန်ဆင်းရှင် ဘုရားသခင်ကို ထာဝစဉ် ချီးမွမ်းဂုဏ်ပြုကြရအောင်ပါ။ ပုပ်ရဟန်းမင်းကြီးဖရန်စစ်အရှင်သူမြတ်ရဲ့ စာချွန်တော်ကို အခြေပြုပြီး ယခုတင်ဆက်ပေး သွားတဲ့ ဆောင်းပါးလေးကနေ ဖန်ဆင်းခံအရာများကို လေးစားတန်ဖိုးထားကြကာ ဘုရားရှင်ရဲ့ ဘုန်းဂုဏ်တော်ကို အစဉ် ချီးမွမ်းသြဘာပြုနိုင်ကြပါစေလို့ ကျမ စစ်စတာရ် လူစီယား သန္တာအောင်ကနေ ထပ်မံဆုတောင်းပေးလိုက်ပါတယ်ရှင် ။